Report on

# Celebration to "Make the Right Real": Promotion of the United Nations Convention on the Rights of Persons with Disabilities in Myanmar






Nay Pyi Taw, Myanmar, 27 June 2012

# Celebration to “Make the Right Real”: Promotion of the United Nations Convention on the Rights of Persons with Disabilities in Myanmar

Organized by
Department of Social Welfare (DSW), Ministry of Social Welfare, Relief and Resettlement of Myanmar
Myanmar Independent Living Initiative (MILI)
United Nations Economic and Social Commission for Asia and the Pacific (ESCAP)
Asia-Pacific Development Center on Disability (APCD)
The Nippon Foundation (TNF)

27 June, 2012
Nay Pyi Taw, Myanmar

Printed by
Asia-Pacific Development Center on Disability (APCD)
255 Rajvithi Rd., Rajthevi, Bangkok 10400 Thailand
Tel: +66 (0)2 354-7505   Fax: +66 (0)2 354-7507
Email: info@apcdfoundation.org
Website: www.apcdfoundation.org

**This report is available in a text format for persons with visual impairments and blind persons. Please contact *info@apcdfoundation.org* for further details.**

# *Contents*

| | |
|---|---|
| Summary | 4 |
| Speeches | 5 |
| Program | 22 |
| Media Coverage | 23 |
| Photos | 26 |


## What is *"MAKE THE RIGHT REAL!"*

The United Nations Economic and Social Commission for Asia and the Pacific (ESCAP) launched the "Make the Right Real!" Campaign in October 2010 to accelerate the ratification and implementation of the Convention on the Rights of Persons with Disabilities (CRPD). To achieve the aim, the campaign encourages collaboration among governments, organizations of persons with disabilities and other stakeholders in advocacy, research and capacity-building activities. We invite you to join us in the campaign. Let us Make the Right Real! for persons with disabilities!

For further details, please visit ***www.makethe rightreal.net*****.**

# Summary

The Celebration to *"Make the Right Real"*: Promotion of the United Nations Convention on the Rights of Persons with Disabilities in Myanmar was organized by the Government of Myanmar through the Department of Social Welfare, the Ministry of Social Welfare, Relief and Resettlement and the Myanmar Independent Living Initiative (MILI) in collaboration with the United Nations Economic and Social Commission for Asia and the Pacific (ESCAP), the Asia-Pacific Development Center on Disability (APCD) and the Nippon Foundation (TNF) on 27 June 2012 in Nay Pyi Taw, Myanmar.

It was 7 December 2011 when the Government of Myanmar ratified the United Nations Convention on the Rights of Persons with Disabilities (CRPD). As the official ceremony of such milestone by the Government of Myanmar, the first ever ceremony event on the rights of persons with disabilities was designed and prepared by the Government of Myanmar in collaboration with local persons with disabilities and international partners.

The ceremony was attended by more than 100 participants, including the Social Welfare Minister, some vice ministers and other government officials, leaders with disabilities and other partners.

H.E. U Aung Kyi, Union Minister for the Ministry of Social Welfare, Relief and Resettlement emphasized in his welcome speech that the new "Rights of the Persons with Disabilities Law" is in the drafting process, with specific objectives to refer to the rights of persons with disabilities.

The event was reported by the government TV program, international TV program as well as local newspapers.




Group Photo of Organizers

# Speeches



***Welcome speech***
***by H.E. U AungKyi***
***Union Minister***
***Ministry of Social Welfare, Relief and Resettlement***

- Excellencies,
- Union Ministers and Deputy Ministers,
- Departmental Heads,
- Distinguished guests from the United Nations Economic and Social Commission for Asia and the Pacific, the Asia-Pacific Development Centre on Disability, and the Nippon Foundation,
- Responsible Persons from the Myanmar Independent Living Initiative and Organizations for the Persons with Disabilities,
- Invited Media,
- Ladies and Gentlemen,

I would like to extend my warmest welcome to all of you. I also wish you all good health and happiness and to make more efforts for the betterment of the Persons with Disabilities.

Our Country Myanmar has already ratified to the United Nations Convention on the Rights of Persons with Disabilities on 7th December 2011. With the deepest appreciation, the Asia and Pacific regional organizations have created the “Make the Right Real” Campaign. For this purpose, I am very pleased and do appreciate for their invaluable measure.

As we know, our world has reached to over 7 billion people. In this situation, 10% of our world population are Persons with Disabilities and majority of them are living in the developing countries, facing with difficulties and problems. As a matter of fact, the difficulties and problems are not because of their impairments but because of several barriers around their environs.

Research findings are showing the direct impact of disability on the nation’s development. On the other hand, the findings also reveal the interrelation between disability and poverty. At the beginning of the 21st Century, the issues of Disability and Persons with Disabilities are viewed with new perspectives. At the meantime, the movements of Persons with Disabilities were also emerged. Due to the fear, stigmatization, neglecting, and misunderstanding on Persons with Disabilities, they are left out from our society and their rights are also denied. Now, the UN Agencies and International Communities are paying more attention to the rights of Persons with Disabilities.

In order to achieve the sound recognition that the disability should be seen as the same human right issue, the United Nations General Assembly adopted the United Nations Convention on the Rights of Person with Disabilities in its 61th assembly on 13 December 2006. Currently, out of the 193 United Nations member countries, there are 153 countries have signed the Convention and 114 countries have acceded to the Convention. Hence, it is my great pleasure as 80% of the members of United Nations have acceded to the Convention during its five and half year term.

Upholding the four cardinal virtues, we, Myanmar, are emphasizing on enhancing the eternal principles of Justice, Liberty, and Equality more and more in the Union.

Consequently, the Constitution (2008) mentions the State shall care for the Persons with Disabilities. In measuring the rehabilitation and development tasks for the Persons with disabilities, the Union is working hands in hands with UN agencies, INGOs, NGOs, and well wishers.

In 2008, the basic survey on disability had conducted in 120 townships across the nation. The survey shows that there are 2.32% of total population are Persons with Disabilities. Accordingly, the National Plan of Action for Persons with Disabilities (2010-2012) is being implemented so as to develop the socio economy of Persons with Disabilities, to reduce their poverty, to have their access in the public places, and to participate in their community.

As the Member State of UN ESCAP and ASEAN, we are undertaking the ASEAN Decade for Persons with Disabilities, Bali Declaration on the Enhancement of the Role and Participation of the Persons with Disabilities in ASEAN Community, BIWAKO Millennium Framework, and BIWAKO plus Five in close collaboration with regional countries.

Myanmar is now implementing 6 sectors for Persons with Disabilities across the nation such as Enhancing Education Standard, Improving Vocational Trainings and Job Opportunities, Promoting Health Care Service, Enhancing Reintegration into the Society, Upgrading Capacity Building and Morale, and Providing Social Needs. In this situation, if we can make the concerted efforts harmoniously, the life quality of Persons with Disabilities will surely be enhanced and pleasant.

Inclusive education can bring about the educational opportunities for the Children with Disabilities. Nowadays, Children with Disabilities from various training schools who have completed their Basic Primary Level Education through special education are now able to continue their education in respective Basic Education Middle Schools and High Schools by keeping abreast with the Children without Disabilities.

Since 2006, Braille e-mail and Internet have been developed and utilized in the training school for persons with visual impairments. Likewise, Myanmar Sign Language Dictionary and Myanmar Basic Sign Language Conversation Book are also published for the persons with hearing impairments. In near future, we will compile and publish the Hand Book for Myanmar Braille. Furthermore, we will also make more efforts for publishing disability related books and literature.

In Myanmar, Department of Social Welfare under the Ministry of Social Welfare, Relief and Resettlement has now drafted the Rights of the Persons with Disabilities Law with four objectives which are 1) To protect the rights of persons with disabilities; 2) To care for the persons with disabilities; 3) To enjoy all human rights without discrimination on the basis of disability; 4) To enhance the socio economy of persons with disabilities with full participation in the nation building tasks. Hence, it is very pleasant to pass the great new that the drafted law will be soon adopted and taken into action.

In conclusion, as a State Party of the UN CRPD, we are really eager to make our utmost efforts for the better life quality improvement of the Persons with Disabilities. On behalf of the Union Government and the Ministry of Social Welfare, Relief and Resettlement, I would like to express our heartfelt thanks to the internal and international organizations for the deepest appreciations towards the rehabilitation services for the well-being of Persons with Disabilities.

Thank You.

*Welcome speech by H.E. U AungKyi in Myanmar language*

**ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော် ဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်သက်ဆိုင်သည့် "စစ်မှန်သောမသန်စွမ်းအခွင့်အရေး စွမ်းဆောင်ပေး" ဂုဏ်ပြုပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်ကြည် ပြောကြားမည့် ကြိုဆိုနှုတ်ခွန်းဆက်စကား**

ဒီကနေ့ကျင်းပတဲ့ ဂုဏ်ပြုပွဲအခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာမသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ နိပ္ပွန်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့် မသန်စွမ်းမှုဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအဖွဲ့သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ မသန်စွမ်းသူတွေရဲ့အကျိုးကို စာနာဆပွားအလေးထား ဆောင်ကြဉ်းပေးနိုင်သူတွေ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်နေ့မှာ ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီသဘောတူစာချုပ် အဖွဲ့ဝင်ဖြစ်လာမှုအပေါ် နှစ်ထောင်းအားရ ရှိကြတဲ့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့အစည်းများက"**စစ်မှန်သော မသန်စွမ်းအခွင့်အရေးစွမ်းဆောင်ပေး"** (Make the Right Real)ဆိုတဲ့ ဦးတည်ချက်နဲ့ အခုလို ဂုဏ်ပြုပွဲတစ်ရပ် ကျင်းပပေးတဲ့အတွက် အထူးပဲဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ရှေးဦးစွာ ပြောကြား လိုပါတယ်။

ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ခုနစ်ထောင်ကျော်အနက် ဆယ်ပုံတစ်ပုံခန့်ဟာ မသန်စွမ်းသူတွေဖြစ်ကြပြီး၊ အဲ့ဒီအနက်က (၈၀) ရာခိုင်နှုန်းခန့်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နေထိုင်ကြသူတွေဖြစ်ပါတယ်။ မသန်စွမ်းသူတွေရဲ့ဘဝမှာ ခံစား၊ တွေ့ကြုံနေရတဲ့ အခက်အခဲ၊

အတားအဆီးများဟာ သူတို့ရဲ့ မပြည့်စုံမှုကြောင့်မဟုတ်ဘဲ သူတို့ရဲ့ပတ်ဝန်းကျင်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အတားအဆီးတွေကြောင့်သာ ဖြစ်ပါတယ်။

သုတေသနပြုချက်တွေအရ မသန်စွမ်းမှုဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်သက်ဆိုင်နေသလို မသန်စွမ်းမှုနဲ့ ဆင်းရဲနွမ်းပါးမှုဟာလည်း ဆက်နွယ်မှုရှိနေပါတယ်။ ၂၁ ရာစုအစမှစပြီး မသန်စွမ်းမှုနဲ့ မသန်စွမ်းသူတွေရဲ့ အရေးကိစ္စတွေကို ကမ္ဘာနဲ့အဝန်းမှာ ရှုထောင့်သစ်၊ အမြင်သစ်တွေနဲ့ စတင်ဆောင်ရွက်လာကြပြီး မသန်စွမ်းသူတွေရဲ့ လှုပ်ရှားစွမ်းဆောင်မှုတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ မသန်စွမ်းသူတွေအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်းတွေကြောင့် အထီးကျန်ဘဝကိုရောက်ခဲ့ရတဲ့ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးများကို အခုအချိန်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများက အထူးအာရုံစိုက်လာရတဲ့ကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါတယ်။

မသန်စွမ်းမှုကို လူ့အခွင့်အရေးစာချုပ်စာတမ်းများရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ သက်သေထူနိုင်ဖို့ (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက **" မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူညီချက်"** ကို ၂၀၀၆ခုနှစ် ၊ ဒီဇင်ဘာလ (၁၃)ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ (၁၉၃) နိုင်ငံ ရှိတဲ့အနက် ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးတဲ့နိုင်ငံပေါင်း (၁၅၃)နိုင်ငံရှိပြီး၊ အတည်ပြုပြီးတဲ့နိုင်ငံ(၁၁၄) နိုင်ငံရှိပြီလို့ သိရပါတယ်။ သဘောတူညီချက်သက်တမ်း (၅)နှစ်ခွဲအတွင်းမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ရာနှုန်း (၈၀)နီးပါး ပါဝင် လက်မှတ်ရေးထိုးကြပြီးဖြစ်တဲ့အတွက် ဝမ်းမြောက်ကြည်နူးမိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားပြီး၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာအောင် ရှေးရှုကြိုးပမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

ဒါ့ကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော်က မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ဖို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်တွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများအပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများနဲ့ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

အခြေခံမသန်စွမ်းမှုစစ်တမ်းကို ၂၀၀၈ ခုနှစ်က မြို့နယ်ပေါင်း(၁၂၀)မှာ စစ်တမ်းကောက်ယူခဲ့ရာ မြန်မာ့လူဦးရေရဲ့ ၂ ဒသမ ၃၂ ရာခိုင်နှုန်းဟာ မသန်စွမ်းသူတွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မသန်စွမ်းတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေဖို့၊ လှုပ်ရှားသွားလာမှု ရရှိခံစားခွင့်နဲ့ လူ့အသိုက်အဝန်းအတွင်း တန်းတူ ရည်တူ ပါဝင်ခွင့်ရရှိနိုင်ဖို့ **" အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၂)"** ကို ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်တဲ့အတွက် ဘီဝါကို ထောင်စုနှစ်ရှေ့လုပ်ငန်းစဉ်၊ ဘီဝါကိုအပေါင်းငါးလုပ်ငန်းစဉ်၊ အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်(၂၀၁၁-၂၀၂၀)တွေကိုလည်း ဒေသတွင်း နိုင်ငံတွေနဲ့အတူ ပူးပေါင်းလက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတစ်ဝှမ်းမှာ ရှိကြတဲ့ မသန်စွမ်းသူတွေရဲ့ ပညာရေးအဆင့်အတန်းမြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာနဲ့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး၊ ပတ်ဝန်းကျင်အသိုက်အဝန်းအတွင်း

ဝင်ဆံ့မှုမြှင့်တင်ရေး၊ စွမ်းဆောင်နိုင်ရည်နဲ့ စိတ်ဓာတ်ခွန်အားမြှင့်တင်ရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ရေးဆိုတဲ့ ကဏ္ဍကြီး(၆)ရပ်ကို ဟန်ချက်ညီညီဆောင်ရွက်ပေးနိုင်တာနဲ့အမျှ သူတို့တွေရဲ့ ဘဝဟာလည်း စိုပြည်လှပ လာမှာဘဲဖြစ်ပါတယ်။

Inclusive Education ဆိုတဲ့ **"လူတိုင်းအကျုံးဝင်ပညာရေး"** အစီအစဥ်ဟာ မသန်စွမ်းကလေးငယ်တွေရဲ့ အတန်းပညာသင်ကြားမှု အခွင့်အလမ်းကို ပွင့်လန်းစေပါတယ်။ မသန်စွမ်းကျောင်းအသီးသီးက အထူးပညာရေးနဲ့ အခြေခံမူလတန်းပညာပြီးမြောက်ခဲ့တဲ့ ကလေးသူငယ်တွေဟာ သက်ဆိုင်ရာအခြေခံပညာ အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ်အသီးသီးမှာ သန်စွမ်းတဲ့ကလေးတွေနဲ့ ရင်ပေါင်တန်းပြီး သင်ကြားနေကြပြီဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး မျက်မမြင်ကျောင်းတွေမှာ မျက်မမြင်သုံး e.mail , Internet တွေ တပ်ဆင်အသုံးပြုနေပြီ ဖြစ်သလို နားမကြားသူတွေအတွက် မြန်မာလက်သင်္ကေတပြ အဘိဓာန်နဲ့ မြန်မာလက်သင်္ကေတပြ ဘာသာစကား အခြေခံစကားပြောစာအုပ်တွေကိုလည်း ပြုစုထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ မကြာခင်မှာ **"မြန်မာမျက်မမြင်စာရေးသားနည်းလက်စွဲစာအုပ်"**ကို ထုတ်ဝေနိုင်ဖို့ စီစဥ်ဆောင်ရွက်နေပါတယ်။ နောင်မှာလည်း မသန်စွမ်းမှုဆိုင်ရာစာအုပ် ၊ စာပေတွေ ပိုမိုထုတ်ဝေဖြန့်ချိ နိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အတွက်လည်းကောင်း၊ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ရန်အတွက်လည်းကောင်း၊ လူသားတိုင်းခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများအား မသန်မစွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိဘဲ ရရှိစေရန်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဥ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ လူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်စေရန် လည်းကောင်း **"မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ"**

မူကြမ်းကို ရေးဆွဲပြုစုပြီး ဖြစ်တဲ့အတွက် မကြာခင်မှာ လွှတ်တော်သို့တင်ပြနိုင်တော့မှာ ဖြစ်ကြောင်းကိုလည်း သတင်းကောင်းပါးလိုပါတယ်။

နိုင်ဂုံးချူပ် အနေနဲ့ ပြောကြားလိုတာကတော့ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူညီချက်(UNCRPD)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မသန်စွမ်းတွေရဲ့ဘဝ အရည်သွေး ပိုမိုတိုးတက်အောင် ဆတက်ထမ်းပိုး တိုးပြီး ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။မသန်စွမ်းသူတွေအတွက် မြန်မာနိုင်ငံရဲ့ မြင်သာထင်သာတဲ့ ကြိုးပမ်းဆောင်ရွက်မှုအပေါ် ချီးကျူးဩဘာ ထောမနာ ပြုကြတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအားလုံးကို နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိုင်ဂုံးချူပ်အပ်ပါတယ်။



***Statement***
***by Ms. Aiko Akiyama***
***Social Affairs Officer, Social Development Division***
***United Nations Economic and Social Commission for Asia and the Pacific***

Your Excellency,
U Aung Kyi, Minister, Ministry of Social Welfare, Relief and Resettlement
Excellencies,
Distinguished Participants,

On behalf of the United Nations Economic and Social Commission for Asia and the Pacific, known as ESCAP, it is my honour to join you today.

We are very pleased that Myanmar is launching today the “Make the Right Real!” Campaign.

The Campaign was launched by ESCAP in October 2010 to accelerate the implementation of the Convention on the Rights of Persons with Disabilities, commonly known as the CRPD, in the Asia-Pacific region.

Myanmar ratified the CRPD on 7 December 2011 and is the twenty-third country in the ESCAP region to do so.

We note the positive developments that are occurring in Myanmar, including the development of a comprehensive disability rights law to harmonize domestic legislation with the CRPD. We are also gratified to note that this process is being undertaken in close consultation with organizations of persons with disabilities.

The presence of high-level multi-ministerial representatives today is also significant. It reflects your country’s commitment to CRPD implementation. Disability issues, being cross-sectoral in nature, require multi-ministerial action, as emphasized in the CRPD.

Further, your government and various organizations of persons with disabilities work have worked hand in hand to organize this event. These are all very positive steps to engage persons with disabilities in decision-making processes.
Excellencies,

Ladies and gentlemen,

Asia-Pacific is the unique region which established the world’s first regional disability decade initiative.

In the first Decade, which spanned the period 1993 to 2002, we initiated a major policy push towards a focus on the rights of persons with disabilities, breaking away from the medical model of disability, where curing the impairment dominates the course of action regarding persons with disabilities.

And in the second Decade, which started in 2002 and will end of this year 2012, we reinforced the change, yielding new strides in empowerment, legislation, policy, and institutional commitments.

Through the past two Decades, we have laid the ground for a rights-based approach to disability-inclusive development.

Yet, Excellencies, despite the progress, daunting issues still remain.

The region has an enormous population base. 650 million persons with disabilities are estimated to live in the region. Large numbers of persons with disabilities live in poverty. And many do not have equitable access to social and economic opportunities, which would enable them to unfold and maximize their potential.

People of Asia -Pacific are 25 times more likely to be affected by natural disasters than those living in Europe or North America, but disability perspectives are not sufficiently incorporated in disaster risk reduction policies and measures.

There is a new demographic factor: a rapid increase in older persons, giving rise to complexities of old age and disability, on a scale never before encountered in the world.

Mindful of such challenges, just last month in Bangkok, ESCAP member States proclaimed a new Asian and Pacific Decade of Persons with Disabilities, from 2013 to 2022. Their intent is to accelerate the full realization of the rights of persons with disabilities.

And four months from now, ESCAP will organize the High-level Intergovernmental Meeting in Incheon, Republic of Korea, from 29 October to 2 November, to chart the course of the new Asian and Pacific Decade of Persons with Disabilities.

The key outcome of the High-level Meeting will be a strategy that has 10 goals, referred to as the Incheon Strategy. The Strategy will help guide policies and track progress in the new Decade.

ESCAP member States and civil society partners, including APCD, have been active in crafting a measurable, achievable, disability-inclusive and rights-focused strategy that would also address the disability gaps of the MDGs.

The new Decade underscores realization of rights of persons with disabilities and disability-inclusive development. It will also have the Incheon Strategy which enables us to major the progress in quantitative terms.

Excellencies,
Ladies and Gentlemen,

Today’s launch of the “Make the Right Real!” Campaign is timely as it is occurring just before the launch of the New Decade.

We would like to encourage high-level ministerial representation by the Government of Myanmar at the Incheon High-level Intergovernmental Meeting.

One of the Lorf Buddha’s teachings is “Ata Hita Pra Hita” in Pali, pointing out the importance of both pursuing one’s interest and serving the public interest.

In this same spirit, let us “Make the Right Real!” for all persons with disabilities.

Thank you.

*Statement by Aiko Akiyama in Myanmar language*

ကြွလာကြပါသော လူမှုဝန်ထမ်းဝန်ကြီးနှင့်တကွ ဂုဏ်သရေရှိဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ESCAP ကိုယ်စားယခုလို ပြောကြားခွင့်ရတဲ့အတွက် အထူးပင် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဒုတိယအကြီးဆုံး ဖြစ်ပါတယ်။ အာရှရဲ့ စီးပွားရေးဗဟုအချက်အချာနေရာဖြစ်ပြီး အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများနှင့် ဆက်စပ်လျက်ရှိနေပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝအရင်းအမြစ်များနှင့်ပြည့်စုံသော နိုင်ငံဖြစ်သည့်အပြင် နိုင်ငံတော် အစိုးရဘက်မှလည်း အရှိန်အဟုန်ဖြင့် အစပျိုးလုပ်ဆောင်နေတာကိုတွေ့ရပါတယ်။

ESCAP သည် အောက်တိုဘာ ၂၀၁၀ ခုနှစ်မှစတင်ပြီး အာရှပစိဖိတ်နိုင်ငံများတွင် UN-CRPD ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် စတင်လုပ်ဆောင်ခဲ့ပါတယ်။

အရင်တစ်ခေါက် မြန်မာပြည်ကို လာခဲ့စဉ်က မြန်မာအစိုးရမှ UN-CRPD ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၇) နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိခဲ့ရပါတယ်။ အာရှပစိဖိတ်ဒေသတွင် နိုင်ငံပေါင်း (၂၃) နိုင်ငံလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါ မြန်မာနိုင်ငံတွင် UN-CRPD ကို အကောင်အထည်ဖော်လုပ်ဆောင်နေတဲ့အပြင် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ မသန်စွမ်းသူများအတွက် ဥပဒေမူကြမ်း ပြင်ဆင်ရေးဆွဲနေကြပါတယ် လို့ကြားသိရပါတယ်။

ဒီနေ့ကြွရောက်လာကြတဲ့ ဧည့်သည်တော်များသည် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိ အရေးကြီးပုဂ္ဂိုလ်များဖြစ်ကြပါတယ်။မသန်စွမ်းမှုအရေးကိစ္စဟာ အားလုံးနဲ့သက်ဆိုင်သောအရေး ဖြစ်တဲ့အတွက် လူကြီးမင်းတို့ ဌာနရဲ့ ဆောင်ရွက်ချက်တိုင်းမှာ ထည့်သွင်းစဉ်းစားလုပ်ဆောင် ပေးခြင်းဖြင့် UN-CRPD ကို ပိုမိုအကျိုးသက်ရောက်မှုများရှိစေမှာဖြစ်တယ်။

ယနေ့အခမ်းအနားဟာ အစိုးရနှင့် မသန်စွမ်းသူအဖွဲ့အစည်းများ အတူတကွလက်တွဲ ပြီးလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ ဆုံးဖြတ်ချက်ချလုပ်ဆောင်ရသော အဆင့်တိုင်းတွင် မသန်စွမ်းသူများနှင့် ယခုထက်ပိုမိုလုပ်ဆောင်သွားရန် လိုအပ်ပါတယ်။

အာရှပစိဖိတ်ဒေသဟာ ကမ္ဘာပေါ်မှာပထမဦးဆုံးမသန်စွမ်းသူများဆယ်စုနှစ်ကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ပထမဆယ်စုနှစ် (၁၉၉၃-၂၀၀၂) မှာ မသန်စွမ်းသူများ၏အခွင့်အရေး များနှင့်ပတ်သက်ပြီး မူဝါဒလမ်းစဉ်များချမှတ်ရန်၊ ဆေးပညာရှုထောင့်မှအမြင်ဟောင်းများကို ပယ်ဖျက်နိုင်ရန် တိုက်တွန်းလုပ်ဆောင်ခဲ့တယ်။

ဒုတိယဆယ်စုနှစ် (၂၀၀၂-၂၀၁၂) တွင် မသန်စွမ်းသူများနှင့်ပတ်သက်သော ဥပဒေများပြဒါန်း ခြင်း၊ မူဝါဒများရေးဆွဲခြင်းနှင နိုင်ငံ၏ အဓိကလုပ်ဆောင်ရမည့်အခန်းကဏ္ဍတစ်ခုအဖြစ် လပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါတယ်။

ဆယ်စုနှစ်နှစ်ခုလုံးတွင် အခွင့်အရေးကိုအခြေခံသော မသန်စွမ်းအကျုံးဝင်ဖွံ့ဖြိုးမှု လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါတယ်။

အာရှပစိဖိတ်ဒေသတွင် လူဦးရေသန်းပေါင်း (၆၅၀) ခန့်နေထိုင်ပြီး မသန်စွမ်းသူအများစုဟာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြပါတယ်။ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ဆုံးရှုံးနေကြရပြီး ၎င်းတို့၏စွမ်းဆောင်ရည်များကိုပြသနိုင်ခွင့်မရရှိကြပါဘူး။

အာရှပစိဖိတ်ဒေသဟာ ဥရောပနှင့်မြောက်အမေရိကနိုင်ငံများထက် သဘာဝဘေးအန္တရာယ်ကျရောက်မှုအကြိမ် (၂၅) ကြိမ်ထက်မနည်းဖြစ်ပေမယ့် မသန်စွမ်းမှုဆိုင်ရာအမြင်သဘောထားများမရှိခြင်းနှင့်သဘာဝဘေးအန္တရာယ်လျော့ချရေးမူဝါဒနှင့် တိုင်းတာမှုများမလုံလောက်ခြင်းများရှိနေပါတယ်။ ပြီးခဲ့တဲ့လ ဘန်ကောက်မြို့မှာ ESCAP အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးမှာ ၂၀၁၃-၂၀၂၂ မသနစွမ်းသူများအတွက် ဆယ်စုနှစ်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးကြေငြာချက်များထုတ်ပြန်ခဲ့ပါတယ်။

နောက်လာမဲ့ (၄) လအတွင်းမှာ ESCAP မှဦးဆောင်ပြီး အဆင့်မြင့်နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ၂၉. ၁၀. ၂၀၁၂ - ၂ . ၁၁. ၂၀၁၂ အထိ ကိုရီးယားနိုင်ငံတွင် ကျင်းပရန်ရှိပါတယ်။ ၎င်းအစည်းအဝေးတွင် မသန်စွမ်းသူများအတါက် အာရှပစိဖိတ်ဆယ်စုနှစ်လုပ်ငန်းစဉ်အသစ်အတွက်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါတယ်။ ၎င်းအစည်းအဝေး၏ရလဒ်အဖြစ်မဟာဗျူဟာ/နည်းလမ်းများရရှိပြီး လာမဲ့ဆယ်စုနှစ်အတွက် မူဝါဒလမ်းစဉ်များချမှတ်နိုင်ရေးအတွက် အထောက်ကူဖြစ်စေမှာဖြစ်တယ်။

ESCAPအဖဝင်နိုင်ငံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် APCD အပါအဝင် အားလုံးပူးပေါင်းပြီး ထောင်စုနှစ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခွင့်အရေးကိုအခြေခံသော မသန်စွမ်းမှုလုပ်ငန်းများလည်း ပါဝင်နိုင်ရေးအတွက် တက်တက်ကြွကြွလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။
လာမဲ့ဆယ်စုနှစ်အသစတွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုနားလည်သိရှိပြီး မသန်စွမ်းအကျုံးဝင်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဟုမျှော်လင့်မိပါတယ်။

ယနေ့ အခမ်းအနား (စစ်မှန်သောမသန်စွမ်းအခွင့်အရေးစွမ်းဆောင်ပေး) ဟာ လာမည့်ဆယ်စုနှစ်အတွက် အကြိုလှုပ်ရှားမှုတစ်ရပ်လည်းဖြစပါတယ်။ ထို့ပြင် ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အဆင့်မြင့်နိုင်ငံတကာအစည်းအဝေးအတွက်လည်း အားပေးရာရောက်ပါတယ်။

ဘုရားရှင်ဟောကြားခဲ့တဲ့ အတ္တဟိတ၊ ပရဟိတ ဆိုတဲ့စကားအတိုင်း မသန်စွမ်းသူများအတွက် အကျိုးရှိမည့်လုပ်ငန်းများကို လုပ်ကိုင်သွားကြရန်တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်
Ms. Aiko Akiyama



***Opening Speech***
***by Mr. Akiie Ninomiya***
***Executive Director***
***Asia-Pacific Development Centre on Disability***

Your Excellency U AungKyi, Union Minister, Ministry of Social Welfare, Relief and Resettlement,
Excellencies,
Distinguished Government Officers,
Representatives of Organizations of Persons with Disabilities
International NGOs
Ladies and Gentlemen,

On behalf of the Asia-Pacific Development Centre on Disability (APCD), I would like to express my sincere congratulations for the ratification of the United Nations Convention on the Rights of Persons with Disabilities (CRPD) to the Union of Myanmar Government, Persons with Disabilities and Service Providers on Disability and Development.

APCD has witnessed the effort of the Union of Myanmar Government to actively promote Disability and Development for more than one decade. APCD has exchanged diplomatic documents to collaborate with the Ministry of Social Welfare, Relief and Resettlement to promote and implement the United Nations Economic and Social Commission of Asia and the Pacific's Biwako Millennium Framework (BMF) towards inclusive, barrier-free and rights-based Society in Myanmar.

In the past, APCD has invited over 100 persons from Myanmar which included leaders with disabilities, government officers and service providers for training for trainers in the following areas: Community-based rehabilitation (CBR), Community-based Inclusive Development (CBID), Establishment of Self-help Organizations and Management, Accessibility for the Built Environment, Information and Communication Technology as well as Networking among Organizations of Persons with Disabilities. As a result, Deaf Associations were formed in Mandalay and Yangon, the Myanmar unified sign language and its dictionary have been developed; a Self-advocate Group of Persons with Intellectual Disabilities, named UNITY has been organized as well as an autism community being established. Mr. Nay Lin Soe, the President of Myanmar Independent Living Initiatives is the model of APCD ex-trainee who organize this workshop with the Union Myanmar Government officers.

Ladies and Gentleman,

The ratification of the United Nations Convention on the Rights of Persons with Disabilities, UNCRPD was not a sudden event in Myanmar, since Myanmar Union Government has been promoting disability and development for long time with collaboration with the Organizations of Persons with Disabilities and Service Providers.

Since APCD has been keenly developing CBR and CBID in the Asia-Pacific region, the World Health Organization and Asia and the Pacific CBR Network have agreed to set up an Asia-Pacific CBR Network office at APCD.

UNESCAP is planning to have a new decade, known as the Inchon Strategy from 2013-2022. Community Base Rehabilitation is the one of most effective strategy to implement CRPD. APCD has conducted Training for Trainers of CBR and CBID for the past 10 years. Some Ex-trainees have done outstanding implementation of CBR such as the Independent Living Initiatives in Myanmar. Now the Nippon Foundation is supporting to further develop IL project in Myanmar.

ASEAN has declared the ASEAN Decade of Persons with Disabilities from 2011-2020.

Knowing this, APCD is developing an ASEAN strategy for CBR and is sincerely hoping to develop CBR model in Myanmar.

I believe that CBR in Myanmar can be one of the top priorities for poverty alleviation and community empowerment to promote accessibility for health, education, livelihood, social security, culture and sports.

Ladies and Gentleman,

Currently, APCD plans to develop “Disability Inclusive Business(DIB)” which will promote private sectors to join inclusive, barrier-free market economy.DIB will increase business potential and the development opportunities by/for/of Persons with Disabilities

In 2011, the World Health Organization and the World Bank estimated that 15% of the world population is Persons with Disabilities. If you consider their families too, this would impact approximately 40% of the population. Accessible market economy can meet the needs of customers representing 40% of the population!

APCD does not regard Persons with Disabilities as subjects of charity or pity, but rather as a social resource and expert on Disability and Development. For these reasons, APCD hopes to continue developing further collaboration with Persons with Disabilities and Organizations of Persons with Disabilities in Myanmar with the support of the Union of Myanmar Government.

Again, I would like to congratulate the Union of Myanmar Government and Organizations of Persons with Disabilities for kindly organizing this epoch-making workshop on the UNCRPD.

Let’s make the “Right Real”!

Thank you.

*Opening Speech by Mr. Akiie Ninomiya in Myanmar language*

## APCD Foundation ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Akiie Ninomiya မှ ပြောကြားသော အဖွင့်နှုတ်ခွန်းဆက်စကား

လေးစားအပ်ပါသော ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန) နှင့် အစိုးရအရာရှိကြီးများ၊ မသန်စွမ်းအဖွဲ့ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ရောက်လာသော ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျာ .......

APCD Foundation ကိုယ်စား ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အသိအမှတ်ပြု လက်မှတ်ရေးထိုးတဲ့အတွက် နိုင်ငံတော်အစိုးရ၊ မသန်စွမ်းသူများနှင့် ပူးပေါင်းလုပ်ဆောင်ပေးကြသူများကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

မြန်မာပြည်တွင် နိုင်ငံတော်အစိုးရမှ မသန်စွမ်းသူများ ရေးရာများကို တက်ကြွစွာ လုပ်ဆောင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုထက်မနည်း ရှိခဲ့သည်ကို APCD Foundation အနေဖြင့် သိရှိနားလည် ထားပါသည်။ APCD အနေဖြင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လက်တွဲ၍ မြန်မာနိုင်ငံတွင် အတားအဆီးကင်းသော အခွင့်အရေးကို အခြေခံသည့် အားလုံးအကျုံးဝင် လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရေးအတွက် UNESCAP ၏ ဘီဝါကို ထောင်စုနှစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း၊ သံတမန်နည်း ဆန်ဆန် စာရွက်စာတမ်းများ ဖလှယ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ယခင်က APCD မှ မသန်စွမ်းခေါင်းဆောင်များ၊ အစိုးရ အရာရှိများ၊ ဝန်ဆောင်မှုပေးသူများပါဝင်သော ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး၊ ရပ်ရွာအခြေပြု အကျုံးဝင်ဖွံ့ဖြိုးရေး၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် မသန်စွမ်းအဖွဲ့အစည်းများအကြား ကွန်ယက်ချိတ်ဆက် ဆက်သွယ်ခြင်းကဲ့သို့သော ကဏ္ဍများတွင် ဆရာဖြစ်သင်တန်း စီစဉ်ပေးသူများ၊ အစိုးရဌာနဆိုင်ရာများနှင့် မသန်စွမ်းသူများ၊ မသန်စွမ်းခေါင်းဆောင်များ စသည်ဖြင့် မြန်မာနိုင်ငံမှ သင်တန်းသားဦးရေ ၁၀၀ ကျော်ခန့်ကို ဖိတ်ကြားခဲ့ပါသည်။ ရလာဒ်များအနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် နားမကြားအသင်းများ ပေါ်ထွက်လာခဲ့ပြီး မြန်မာနိုင်ငံမှ လက်ဟန်ပြဘာသာစကားကို တပြေးညီသတ်မှတ်ခဲ့သည်။ လက်ဟန်ပြဘာသာစကား အဘိဓာန်လည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ UNITY ဟုခေါ်သော ဉာဏ်ရည်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းသူများအဖွဲ့ Autism Community လည်း ပေါ်ထွက်လာခဲ့သည်။

ဤအလုပ်ရုံဆွေးနွေးပွဲကို မြန်မာအစိုးရ အရာရှိများနှင့် ပူးတွဲစီစဉ်သော မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးသည်လည်း APCD ၏ ထူးချွန်သင်တန်းသားဟောင်း တစ်ဦးဖြစ်သည်။ ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျာ ..... UNCRPD ကို လက်မှတ်ထိုးခြင်းဟာ ရုတ်တရက်ဖြစ်ပေါ်လာတာ မဟုတ်ပါ။ မြန်မာအစိုးရက မသန်စွမ်းသူများအရေးကို မသန်စွမ်းအဖွဲ့အစည်းများအား ပံ့ပိုးပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ကြာခဲ့ပါပြီ။

APCD သည် CBR နှင့် CBID ကို အာရှ-ပစိဖိတ်ဒေသအတွင်း ထဲထဲဝင်ဝင် လုပ်ဆောင်နေ၍ WHO နှင့် အာရှ-ပစိဖိတ် CBR Network မှ APCD တွင် အာရှ-ပစိဖိတ် CBR Network ရုံးကို ဖွင့်လှစ်တည်ထောင် ဆောင်ရွက်ခဲ့ပါသည်။

UNESCAP သည် Inchon (ကိုးရီးယားနိုင်ငံမှ မြို့နာမည်တစ်ခု) အင်ချွန် မဟာဗျူဟာ ၂၀၁၃-၂၀၂၂ ကို လုပ်ဆောင်ရန် ပြင်ဆင်နေပါသည်။ CBR သည် CRPD ကို အကောင်အထည်ဖော်ရန် အထိရောက်ဆုံး မဟာဗျူဟာဖြစ်ပါသည်။ APCD သည် လွန်ခဲ့သော (၁၀) နှစ်တာ ကာလအတွင်း CBR နှင့် CBID TOT သင်တန်းများ ပို့ချခဲ့သည်။ အချို့သင်တန်းသားဟောင်းများဖြစ်သော ဥပမာ - မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့သည် ထူးချွန်ပြောင်မြောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ယခုအခါ The Nippon Foundation သည် IL စီမံကိန်းများ မြန်မာပြည်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးလျှက်ရှိပါသည်။

အာဆီယံသည် အာဆီယံမသန်စွမ်းသူများဆိုင်ရာဆယ်စုနှစ်လုပ်ငန်းစဉ် ၂၀၁၁-၂၀၂၀ ကို ကြေညာပြီးဖြစ်သည်။ ထို့ကြောင့် APCD အနေဖြင့် CBR အတွက် အာဆီယံမဟာဗျူဟာကို အကောင်အထည်ဖော်၍ မြန်မာပြည်တွင် CBR ပုံစံ ဖွံ့ဖြိုးတိုးတက်လာရန် မျှော်လင့်ထားသည်။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက် ဦးစားပေးအဆင့်ထဲတွင် CBR ပါဝင်ပြီး ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် အားကစားကဏ္ဍများတွင် ပြည်သူလူထု ပိုမိုပါဝင်နိုင်မည်ဟု ယုံကြည်ပါသည်။

ယခုလက်ရှိတွင် APCD သည် မသန်စွမ်းသူများအကျိုးဝင် စီးပွားရေးလုပ်ငန်း DIP ကို ကိုယ်ပိုင်လုပ်ငန်းများ ပါဝင်လာစေရန်နှင့် အတားအဆီးကင်းမဲ့သော ဈေးကွက်စီးပွားရေး ဖြစ်လာစေရန် ရည်သန်၍ လုပ်ဆောင်ရန် စီစဉ်လျက်ရှိပါသည်။ DIP သည် မသန်စွမ်းသူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ပိုမိုတိုးတက်စေမည် ဖြစ်သည်။

၂၀၁၁ ခုနှစ် WHO နှင့် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပါသည်။ အကယ်၍ ၎င်းတို့၏ မိသားစုများကိုပါ ထည့်သွင်းစဉ်းစားပါက ၄၀ ရာခိုင်နှုန်းသော လူဦးရေကို အကျိုးသက်ရောက်မည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးကို ဝင်ရောက်နိုင်ခြင်းသည် ၄၀ ရာခိုင်နှုန်းသော လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်တင်းနိုင်မည်ဖြစ်သည်။

APCD သည် မသန်စွမ်းသူများကို သနားစရာအဖြစ် သဘောမထားဘဲ မသန်စွမ်းဖွံ့ဖြိုးတိုးတက်ရေး ပညာရှင်များ၊ လူမှုရေးအရင်းအမြစ်များအဖြစ် သဘောထားသည်။ ဤအကြောင်းအရာကြောင့် APCD သည် မြန်မာနိုင်ငံအတွင်းရှိ အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆက်လက် လက်တွဲလုပ်ဆောင်သွားရန် မျှော်လင့်လျက်ရှိပါသည်။

မြန်မာအစိုးရနှင့် မသန်စွမ်းအဖွဲ့များကို ထပ်မံဂုဏ်ပြုပြောကြားလိုသည်မှာ ဤ UNCRPD နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပနိုင်ခြင်းအား ချီးကျူးဂုဏ်ယူမိပါသည်။

မသန်စွမ်းသူများအတွက် စစ်မှန်သော အခွင့်အရေးများရရှိရန် ပိုင်းဝန်းဆောင်ရွက်ကြပါစို့။ ကျေးဇူးတင်ပါတယ်။



***Remarks***
***by Toshiro Mado***
***Senior Manager***
***The Nippon Foundation***

His Excellency Mr. Aung Kyi, Minister for the Social Welfare, Relief and Resettlement.

Ms. Aiko Akiyama, UNESCAP, Mr. Akiie Ninomiya, APCD, Members of Myanmar Independent Living Initiatives. Distinguished guests, Ladies and Gentlemen.

This is my great pleasure to attend this unique occasion to promote UN Convention on the Rights of Person with Disabilities, CRPD, in Myanmar. I would like to congratulate all the stakeholders for your tireless effort in making this great milestone happened.

As my understanding, CRPD is formulated to equalize opportunity for PWDs through better understanding of their heterogeneous requirements. Heterogeneity is one of major characteristics of Republic of the Union of Myanmar.

We, The Nippon Foundation, have been implementing wide range of activities through national and international partners in Myanmar. One example is the collaboration with Myanmar Independent Living Initiatives, MILI. MILI is now organizing series of young leader training programs to make a nationwide network. The network will be able to identify the different needs from different areas. I am sure that these young leaders will play a key role in making the right real. I would like to congratulate all the member of MILI for your continuous effort in showing us the role we can play together.

In addition to the above, we, The Nippon Foundation, are also working closely with many other institutes such as National Rehabilitation Hospital, University of Medical Technology, Department of Traditional Medicine of the Ministry of Health, and Myanmar Medical Association to improve rural health services for ethnic minority groups as well as to promote vocational and professional rehabilitation programs. The Government of Japan recently appointed our chairman Mr. Yohei Sasakawa as a goodwill ambassador to improve welfare of ethnic minority groups in Myanmar.

CRPD is a process for every one of us to participate and contribute towards the realization of human rights. The Nippon Foundation will continue to participate in this process to walk together till we reach our common goal of social development.

Thank you very much.

*Remarks by Toshiro Mado in Myanmar language*

## နိပွန်ဖောင်ဒေးရှင်း၊ ဂျပန်မှ မစတာတိုရှီရိုမှ ပြောကြားသည့် နှုတ်ခွန်းဆက်စကား

ယနေ့အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌါန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့်တကွ ဝန်ကြီးဌါန အသီးသီးမှ တာဝန်ရှိသူများ၊ UN-ESCAP မှ မစအိုက်ကိုအာကီယာမ၊ APCD မှ မစတာ အာကီးနီနိုးမီးယား၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အဖွဲ့ဝင်များ၊ မသန်စွမ်း အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ။

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် တိုးမြှင့်ဖော်ဆောင်ရေး အတွက် ရည်ရွယ်ပြုလုပ်တဲ့ ယနေ့အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ စကားပြောခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ယခုလို သမိုင်းတွင်မည့် စီစဉ်ဆောင်ရွက်မှုအတွက်လည်း ပါဝင်ဆောင်ရွက်ကြသူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ဟာ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ တန်းတူညီမျှရရှိရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ကျွန်တော် နားလည်ပါတယ်။

ကျွန်တော်တို့ နိပွန်ဖောင်ဒေးရှင်းအနေနဲ့လည်း မြန်မာနိုင်ငံမှာ စိတ်တူကိုယ်တူ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပြီး လုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ အကောင်အထည် ဖော်လျက်ရှိပါတယ်။ နမူနာတစ်ခုအနေနဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့နဲ့ လက်တွဲပြီး အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းများပေးခြင်း၊ မသန်စွမ်းသူများရဲ့ စစ်မှန်သော အခွင့်အရေးများရရှိလာစေရန် လက်တွဲဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလိုအတူတကွ လက်တွဲအလုပ်လုပ်နိုင်မှုအတွက်လည်း မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ကို ချီးကျူးဂုဏ်ပြုပါတယ်။

ဒါ့အပြင် နိပွန်ဖောင်ဒေးရှင်းအနေနဲ့ မြန်မာနိုင်ငံ ဆေးပညာတကသိုလ်၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ တိုင်းရင်းဆေးပညာဦးစီးဌါန၊ မြန်မာနိုင်ငံဆေးပညာအသင်း စသည်တနဲ့လက်တွဲ၍လည်း လူနည်းစုတိုင်းရင်းသားများ ပြန်လည်ထူထောင်ရေး၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ ရရှိခံစားလာနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ မကြာသေးမီက ဂျပန်အစိုးရအနေနဲ့ ကျွန်တော်တို့ဖောင်ဒေးရှင်းရဲ့ အကြီးအကဲတစ်ဦးကို မြန်မာနိုင်ငံလူနည်းစုတိုင်းရင်းသားဒေသများ တိုးတက်ရေးသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။


နဂိုးချုပ်အနေနဲ့ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ဟာ လူ့အခွင့်အရေးများ ရရှိလာစေရေးအတွက် အထောက်အကူပြုတဲ့ စာချုပ်တစ်ခုဖြစ်သလို ကျွန်တော်တို့အားလုံး လက်တွဲပါဝင်ဆောင်ရွက်ကြရမဲ့ လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်နေပါတယ်။ နိပွန်ဖောင်ဒေးရှင်းအနေနဲ့ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီလာရေးအတွက် ဆက်လက်ပါဝင်ပံ့ပိုး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်လိုက်ပါတယ်။

# *Program*

**Celebration to "Make the Right Real":**
**Promotion of the United Nations Convention on the Rights of Persons with Disabilities in Myanmar**
**Sky Palace Hotel & Café Flight**
**Nay Pyi Taw, Myanmar**

**27 June 2012**

| | |
|---|---|
| 09:30-10.00 | Registration |
| 10.00-11:00 | Opening Ceremony<br>Welcome Speech by<br>- H.E. U AungKyi, Minister for the Ministry of Social Welfare, Relief and Resettlement<br>- Ms. Aiko Akiyama, Social Affairs Officer, United Nations Economic and Social Commission for Asia and the Pacific<br>- Mr. Akiie Ninomiya, Executive Director, Asia-Pacific Development Center on Disability<br>- Mr. Toshiro Mado, Senior Manager, The Nippon Foundation |
| 11.00-11.15 | Pledge Board Signing<br>Gift Presentation<br>Photo Session |
| 11.15-12.00 | Snack and Tea Break |



# Media Coverage

Established 1914

The NEW LIGHT OF MYANMAR

Volume XX, Number 69 — 10th Waxing of First Waso 1374 ME — Thursday, 28 June, 2012

## Bring genuine rights for the persons with disabilities



*Union Minister for Social Welfare, Relief and Resettlement U Aung Kyi signing at ceremony to honour the real rights for the disabled related to promotion of implementation of UN Convention on the Right of Persons with Disabilities.*—MNA

NAY PYI TAW, 27 June— "Inclusive education programme has brought education access to the children with disabilities. Children, who have completed special education and basic primary education from respective schools for the disabled, are now pursuing education at basic education middle, high schools and universities concerned shoulder to shoulder to ordinary children. Since 2006, the schools for the blind have got access to e-mail and the internet and Myanmar sign language dictionary and Myanmar sign language basic spoken book have been published for the deaf. Myanmar blind language written patterns book is also in the process of compliment. Measures will be taken to publish more books for the disabled", said Union Minister U Aung Kyi at the ceremony to honour the real rights for the disabled in connection with the promotion of the implementation of the United Nations Convention on Rights of Persons with Disabilities jointly held by the Ministry of Social Welfare, Relief and Resettlement and Asia-Pacific organizations at Sky Palace Hotel in Nay Pyi Taw Hotel Zone here this morning.

The Union Minister said the constitution prescribes that the State has to take care of the disabled. The ministry is undertaking rehabilitation and development works for the disabled in cooperation with NGOs and UN agencies, and international organizations, INGOS and wellwishers.

Survey on basic disability was made in 120 townships in 2008, which revealed that the disabled accounts for 2.32 per cent of the population. So, "national level work plan for the disabled (2010-2012)" is being implemented to develop socioeconomic status of the disabled helping them curb poverty, enjoy mobility and equality in the society.

As Myanmar is a member of Asia and Pacific Region as well as of ASEAN, it is implementing regional development plans for the disabled in cooperation with the regional countries.

The Union minister said the lives of disabled persons will enjoy betterment if six sectors such as education standards, vocational education and job opportunities, healthcare, community, capability and morale, and social requirements of disabled persons in Myanmar were improved.

He also said that "Rights of Disabled Persons Law" have been drafted and would be submitted to the Hluttaw to safeguard rights of disabled persons in Myanmar, to care them, to ensure that they enjoy fundamental human rights with no discrimination on the grounds of disabilities, and to improve their living standards by letting them participate in national development tasks.

He continued to say that Myanmar will more and more try to improve quality of life of the disabled persons in Myanmar as it is a member of United Nations Convention on the Rights of Persons with Disabilities. He, on behalf of the government and Social Welfare, Relief and Resettlement Ministry, also thanked regional organizations and local/foreign organizations which recognized Myanmar's transparent stride for disabled persons.

Ms Aiko Akiyama of United Nations Economic and Social Commission for Asia and the Pacific (UNESCAP) extended greetings and Executive Director of APCD Foundation Mr Akiie Ninomiya and Mr Toshishi of Nippon Foundation delivered a congratulatory speech.

Union Minister U Aung Kyi, Deputy Minister for Transport U Win Shein and dignitaries present at the ceremony signed the book of visitors.

Officials of APCD Foundation presented gifts to Union Minister U Aung Kyi and Programme Director U Nay Lin Soe of Myanmar Independent Living Initiative.

The ceremony was attended by Deputy Transport Minister U Win Shein, departmental heads, officials of UNESCAP, Asia-Pacific Development Center on Disability, Nippon Foundation, Myanmar-ILI and disability organizations and guests.—*MNA*

Source: The New Light of Myanmar, 28 June 2012

The Mirror

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (28-6-2012)(ဂုဒ်၅)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့် သက်ဆိုင်သည့် စစ်မှန်သော မသန်စွမ်းအခွင့်အရေး စွမ်းဆောင်ပေး ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



# မြန်မာ့လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေမူကြမ်း လွှတ်တော်သို့ တင်ပြမည်

နေပြည်တော် ဇွန် ၂၇

Inclusive Education ဆိုသည့် လူတို အကျုံးဝင်ပညာရေးအစီအစဉ်သည် မသန်စွ ကလေးငယ်များ၏ အတန်းပညာသင်ကြားမှု အ အလမ်းကို ပွင့်လန်းစေကြောင်း၊ မသန်စွမ်းကျော အသီးသီးက အထူးပညာရေးနှင့် အခြေခံမူလတ ပညာပြီးမြောက်ခဲ့သည့် ကလေးသူငယ်များသ သက်ဆိုင်ရာ အခြေခံပညာအလယ်တန်း၊ အထ တန်းနှင့် တက္ကသိုလ်အသီးသီးတွင် သန်စွမ်းသေ ကလေးများနှင့် ရင်ပေါင်တန်းပြီး သင်ကြားနေကြပြီ ကြောင်း၊ ၂၀၀၆ ခုနှစ်မှစပြီး မျက်မမြင်ကျောင်းမှ တွင် မျက်မမြင်သုံး e.mail, Internet များ တပ်ဆ အသုံးပြုနေပြီ ဖြစ်သကဲ့သို့ နားမကြားသူများအတွ မြန်မာလက်သင်္ကေတပြအဘိဓာန်နှင့် မြန်မာလ သင်္ကေတပြ ဘာသာစကား အခြေခံစကားပြေ စာအုပ်များကိုလည်း ပြုစုထုတ်ဝေခဲ့ပြီးဖြစ်ကြော မကြာခင်တွင် မြန်မာမျက်မမြင်စာရေးသားနည လက်စွဲစာအုပ်ကို ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွ နေကြောင်း၊ နောင်တွင်လည်း မသန်စွမ်းမှုဆိုင် စာအုပ်၊ စာပေများ ပိုမိုထုတ်ဝေဖြန့်ချိနိုင်အေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင် ဝန်ကြီး ဦးအောင်ကြည်က ယနေ့နံနက် ၁၀ နာရီတွ နေပြည်တော်ဟိုတယ်ဇုန်ရှိ ကောင်းကင်နန်းဝေ ဟိုတယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လ နေရာချထားရေးဝန်ကြီးဌာနနှင့် အာရှ-ပစိဖိတ်ဒေ ဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ကြီးမှူးကျင် သည့် ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ သဘေ တူညီချက် အကောင်အထည်ဖော်ဆောင်ရွက်မှု ပို မြင့်တင်ရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**

Source: The Mirror 28 June 2012

# *Photos*




Welcome Speech by the Union Minister for
the Ministry of Social Welfare, Relief and Resettlement




Singing Pledge Board by the Union Minister



Celebration of the ratification of
the United Nations Convention on the Rights of Persons with Disabilities




Presenting ‘Make the Right Real’ Pens and the Roll-up
to Organizers in Myanmar

# စစ်မှန်သော
# မသန်စွမ်းအခွင့်အရေး
# စွမ်းဆောင်ပေး

UNITED NATIONS ESCAP
Economic and Social Commission for Asia and the Pacific

APCD

စစ်မှန်သော မသန်စွမ်းအခွင့်အရေး စွမ်းဆောင်ပေး

Accessible for Persons with disAbilities

**Asia-Pacific Development Center on Disability**
255 Rajvithi Rd., Rajthevi, Bangkok 10400 Thailand
Tel: +66(0)2 354-7505 Fax: +66 (0)2 354-7507
Email: info@apcdfoundation.org
Website: www.apcdfoundation.org

APCD Foundation

The Nippon Foundation